၄။ သို့ဖြစ်ပါ၍ ထာဝရသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ဝင်းကြီးကျေးရွာအုပ်စုအတွင်းရှိ **(SWTO-17A,18A,19A,20A)** တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အတည်ပြုနိုင်ပါကြောင်းနှင့် အတည်ပြုပြန်ကြားရာတွင် အောက်ဖော်ပြပါအချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း ပြန်ကြားနိုင်ရေးအပေါ် လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည် -

(က) စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းအဆိုပြုသူ ကိုယ်တိုင်ဖြစ်စေ၊ စီမံကိန်းကိုယ်စားလုပ်ငန်းဆောင်ရွက်သော သို့မဟုတ် စီမံကိန်းအဆိုပြုသူက ခန့်အပ်၊ ငှားရမ်း၊ လုပ်ပိုင်ခွင့် ပေးအပ်ထားသော ကန်ထရိုက်တာများ၊ လက်ခွဲကန်ထရိုက်တာများ၊ အရာရှိများ၊ (လုပ်သား) ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများနှင့် အကြံပေးပုဂ္ဂိုလ်များက ဖြစ်စေ ပြုလုပ်သော သို့မဟုတ် ပျက်ကွက်သော လုပ်ငန်းများအားလုံးအတွက်လည်းကောင်း၊ ဆိုးကျိုးထိခိုက်မှု အားလုံးအတွက်လည်းကောင်း စီမံကိန်းဆောင်ရွက်သူက ဥပဒေကြောင်းအရနှင့် ငွေရေးကြေးရေးအရ အပြည့်အဝတာဝန်ယူဆောင်ရွက်ရန်၊

(ခ) အခန်း (၆) တွင် ဖော်ပြထားသော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်ရန်၊

(ဂ) အမှုန်အမွှားများထွက်ရှိမှုနှင့် ဆူညံသံနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဃ) စွန့်ပစ်မြေစာနှင့် စွန့်ပစ်ရေနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(င) အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးနှင့် အမှိုက်ပုံများအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(စ) ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ္တုတွင်းဥပဒေ၊ ပုဒ်မ (၁၃)၊ သတ္တုတွင်းနည်း ဥပဒေများ၊ နည်းဥပဒေ (၁၄၇-ဃ)၊ (၁၇၀-ဂ)၊ (၁၇၄)၊ (၁၇၆)၊ (၁၇၇)၊ (၁၇၈)၊ (၁၈၀)၊ (၁၈၁)၊ (၁၈၄-ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဆ) အစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသော ကန်ထရိုက်တာနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေး အစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန်၊